## Sixth Sunday of Easter (May 25, 2014)

### 1st READING: *Acts 8:5-8, 14-17*

တမန်တော်ဝတ္ထု ၈း ၅–၈၊ ၁၄–၁၇

ဖိလစ်သည်ဆမာရိယမြို့တစ်မြို့သို့သွားရန်ထိုမြို့၌ရှိသူတို့အားခရစ်တော်အကြောင်းကိုကြွေကြော်ဟောပြောလေ၏။များစွာသောလူတို့သည်သူ့ကိုကြားနာကြပြီးသူပြုသောတန်ခိုးလက္ခဏာများကိုမြင်ကြသောအခါဖိလစ်ဟောပြောသမျှကိုတညီတညွတ်တည်းနာယူလက်ခံကြ၏။ညစ်ညူးသောနတ်ဆိုးများသည်လည်းကျယ်လောင်စွာအော်ဟစ်ကြလျက်မိမိတို့ပူးဝင်နေသောသူများထံမှထွက်သွားကြကုန်၏။ခြေလက်သေ၍လမ်းမလျှောက်နိုင်သောသူတို့သည်လည်းပျောက်ကင်းကြကုန်၏။သို့ဖြစ်၍ထိုမြို့၌အလွန်ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိလေ၏။ဆမာရိယနယ်သားတို့သည်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြားနာလက်ခံကြကြောင်းဂျေရုဆလင်မြို့ရှိတမန်တော်များကြားသိကြသောအခါပေတရုနှင့်ယောဟန်တို့ကိုထိုသူတို့စေလွှတ်လိုက်ကြ၏။တမန်တော်နှစ်ပါးသည်လည်းလာကြ၍ထိုသူများသည်သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူကြစေမည့်အကြောင်းသူတို့အတွက်ဆုတောင်းပေးကြ၏။အကြောင်းမူကား၊သန့်ရှင်းသောဝိညာဉ်တော်သည်ထိုသူတို့တွင်မည်သည့်အပေါ်မှဆင်းသက်တော်မမူသေးချေ။ထိုသူများသည်သခင်ယေရှု၏နာမတော်၌ဆေးကြောခြင်းကိုခံယူထားကြသောကြောင့်ဖြစ်၏။တမန်တော်တို့သည်လည်းမိမိတို့၏လက်များကိုထိုသူတို့အပေါ်တွင်တင်ကြသဖြင့် သူတို့သည်သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူကြရ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  66: 1-3, 4-5, 6-7, 16, 20

ဆာလံကျမ်း ၆၆

**သံပြိုင်။** ။ ကမ္ဘာမြေကြီးတစ်ဝှမ်းဘုရားသခင်ကိုရွှင်လန်းဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်လော့။

**R.** Let all the earth cry out to God with joy.

၁။ ကမ္ဘာမြေကြီးတစ်ဝှမ်းဘုရားသခင်ကိုရွှင်လန်းဝမ်းမြောက်ခြင်းနှင့်ကြွေးကြော်လော့။ ကိုယ်တော့် နာမတော်၏ဘုန်းဂုဏ်တော်ကိုသီဆိုဧကျူးလော့။ ကိုယ်တော်ရှင်အားဘုန်းဂုဏ်တော်နှင့်ချီးမွမ်းထောမ နာပြုခြင်းကိုဆက်ကပ်ပူဇော်လော့။ ဘုရားသခင်အားလျှောက်ထားရမည်မှာကိုယ်တော်၏အမှုတော်တို့ သည်မည်မျှလောက်ဆန်းကြယ်လှပါသနည်း။ **သံပြိုင်။**

Shout joyfully to God, all the earth, sing praise to the glory of his name; proclaim his glorious praise. Say to God, “How tremendous are your deeds!”

၂။ ကမ္ဘာတစ်ဝှမ်းလုံးသည်ကိုယ်တော်ထံတော်တွင်ဦးညွှတ်ပျပ်ဝပ်တွားကြပါ၏ ။ကိုယ်တော့်ကိုချီးမွမ်းဧကျူးကြ၏ ။ကိုယ်တော့်၏ နာမတော်ကိုချီးမွမ်းဧကျူးကြ၏ ဟူ၍တည်း။ဘုရားသခင်ပြုတော်မူသောအမှုတော်ကိုလာ၍၊ကြည့်ကြလော့။လူတို့အတွက်ကိုယ်တော်၏ ဆောင်ရွက်ချက်များသည်မည်မျှလောက်ဆန်းကြယ်ပါသနည်း။ **သံပြိုင်။**

Let all on earth worship and sing praise to you, sing praise to your name!” Come and see the works of God, his tremendous deeds among the children of Adam

၃။ ကိုယ်တော်သည်ပင်လယ်ကိုခြောက်သွေ့သောကုန်းမြေအဖြစ်သို့ပြောင်းလဲခဲ့ပြီး၊ သူတို့သည် မြစ်ကိုခြေလျင်ဖြတ်ကူးခဲ့ကြ၏။ လာကြ၊ ကိုယ်တော်၌ရွှင်လန်းဝမ်းမြောက်ကြကုန်စို့။ ကိုယ်တော်သည် မိမိ၏ဘုန်းတန်ခိုးတော်နှင့်အစဉ်အမြဲအုပ်စိုးတော်မူ၏။ **သံပြိုင်။**

He has changed the sea into dry land; through the river they passed on foot; therefore let us rejoice in him. He rules by his might forever.

၄။ ဘုရားသခင်ကိုကြောက်ရွံ့သူအပေါင်းတို့လာကြ၍၊နားထောင်ကြလော့။ကိုယ်တော်သည်ငါ့အဖို့မည်သို့ပြုတော်မူခဲ့ကြောင်းသင်တို့အားငါပြောပါရစေ။ထာဝရဘုရားအားချီးမွမ်းထောမနာရှိပါစေ။ကိုယ်တော်သည်ငါ၏ဆုတောင်းပတ္ထနာကိုငြင်းပယ်တော်မမူ။သို့မဟုတ်ကိုယ်တော်၏မေတ္တာတော်ကိုငါ့ထံမှရုတ်သိမ်းတော်မမူခဲ့ပေ။ **သံပြိုင်။**

Hear now, all you who fear God, while I declare what he has done for me. Blessed be God who refused me not my prayer or his kindness!

**2nd READING: 1 Peter 3:15-18**

ရှင်ပေတရုဩဝါဒစာပထမစောင်  ၃း၁၅–၁၈

သို့ရာတွင်သင်တို့စိတ်နှလုံးတွင်ခရစ်တော်ကိုသခင်အဖြစ်ရှိသေမှုရှိကြလော့။သင်တို့ထားရှိသည့်မျှော်လင့်ချက်အကြောင်းကိုစစ်ဆေးမေးမြန်းလာသူအားသိမ်မွေ့ရိုသေစွာရှင်းလင်းဖြေကြားရန်အမြဲအစဉ်အသင့်ရှိကြလော့။သင်တို့အားစော်ကားပြောဆိုသောသူတို့သည်သင်တို့၏မွန်မြတ်သောခရစ်ယာန်ဘဝသက်တာကျင့်စဉ်များကိုမြင်၍အရှက်ရကြစေရန်သင်တို့၏ဩတ္တပစိတ်ကိုကြည်လင်စေကြလော့။အကယ်၍ဘုရားသခင်၏အလိုတော်အရသင်သည်ဆင်းရဲဒုက္ခခံရလျှင်ကောင်းမှုပြုသည့်အတွက်ဆင်းရဲဒုက္ခခံရခြင်းသည်မကောင်းမှုပြုသည့်အတွက်ဆင်းရဲဒုက္ခခံရခြင်းထက်ပို၍ကောင်းမွန်၏။အဘယ်ကြောင့်ဆိုသော်ခရစ်တော်ကိုယ်တိုင်ပင်လျှင်ငါတို့၏အပြစ်များအတွက်အပြီးအပိုင်အသေခံတော်မူသောကြောင့်ဖြစ်၏။ကိုယ်တော်သည်ဖြောင့်မတ်တော်မူ၍ဘုရားသခင်ထံတော်သို့ငါတို့ကိုပို့ဆောင်ရန်မဖြောင့်မတ်သောသူတို့အတွက်အသေခံတော်မူလေပြီ။ကိုယ်တော်သည်လူသားများကဲ့သို့ခန္ဓာကိုယ်အသေသတ်ခြင်းခံရသော်လည်းဝိညာဉ်တော်အားဖြင့်အသက်ပြန်၍ရှင်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***John 14:15-21***

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၄း၁၅–၂၁

သင်တို့သည်ငါ့ကိုချစ်လျှင်ငါ၏ပညတ်တော်များကိုစောင့်ထိန်းကြလိမ့်မည်။ ငါသည်ခမည်းတော်အားတောင်းလျှောက်သဖြင့်ကိုယ်တော်သည်လည်းသင်တို့နှင့်အတူအစဉ်ထာဝရရှိမည့်လမ်းညွှန်သူအခြားအရှင်တစ်ပါးကိုသင်တို့အားပေးတော်မူလိမ့်မည်။သမ္မာတရား၏ဝိညာဉ်တော်တည်းဟူသောထိုအရှင်သခင်ကိုဤလောကသည်လက်မခံနိုင်အဘယ်ကြောင့်ဆိုသော်ဤလောကသည်သူ့ကိုမြင်လည်းမမြင်၊သိလည်းမသိသောကြောင့်ဖြစ်၏သင်တို့မူကားသူ့ကိုသိကြ၏။အကြောင်းမူကားဝိညာဉ်တော်မြတ်သည်သင်တို့နှင့်အတူစံပွါယ်တော်မူပြီးသင်တို့၌တည်ရှိတော်မူလိမ့်မည်။ငါသည်သင်တို့ကိုခိုကိုးရာမဲ့ပစ်ထားလိမ့်မည်မဟုတ်သင်တို့ထံသို့ငါလာဦးမည်။တစ်ခဏမျှကြာလျှင်လောကသားတို့သည်ငါ့ကိုမြင်ရကြတော့မည်မဟုတ်၊သင်တို့မူကားငါ့ကိုမြင်ကြရလိမ့်မည်။အကြောင်းမူကားငါသည်အသက်ရှင်သောကြောင့်သင်တို့သည်လည်းအသက်ရှင်ကြလိမ့်မည်။ ငါသည်ခမည်းတော်၌တည်ရှိကြောင်းကိုလည်းကောင်းသင်တို့သည်ငါ၌၊တည်နေ၍ငါသည်လည်းသင်တို့၌တည်ရှိကြောင်းကိုထိုနေ့ရက်တို့၌သင်တို့သိကြလိမ့်မည်။ငါ၏ပညတ်တော်များကိုခံယူ၍စောင့်ထိန်းသောသူတို့သည်ငါ့ကိုချစ်၏။ငါ့ကိုချစ်သောသူတို့ကိုငါ၏ခမည်းတော်သည်လည်းချစ်တော်မူလိမ့်မည်။ငါသည်လည်းသူတို့ကိုချစ်တော်မူ၍ငါကိုယ်တိုင်သူ့တို့အားဘုန်းထင်ရှားပြတော်မူမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။